ADD YOUR VOICE TO THE CALL

LAMBETH CONFERENCE
God's Church for God's world

# LAMBETH နှိုးဆော်မှု သမ္မာကျမ်းစာလေ့လာခြင်း သိပ္ပံနှင့်ယုံကြည်မှု

## နိဒါန်း

ဤသမ္မာကျမ်းစာလေ့လာမှုဆိုင်ရာ သင်ထောက်ကူပစ္စည်းများကို Lambeth Conference နှင့် Lambeth နှိုးဆော်မှု အဆင့် ၃ ၏ တစ်စိတ်တစ်ပိုင်းအဖြစ် ပြင်ဆင်ထားပါသည်။ ဤသမ္မာကျမ်းစာလေ့လာမှုသည် သိပ္ပံနှင့်ယုံကြည်မှုဆိုင်ရာ Lambeth နှိုးဆော်မှု နှင့်ပတ်သက်ပါသည်။ ဤ Lambeth နှိုးဆော်မှု ကို ဤနေရာတွင် ဖတ်ရှုနိုင်ပါသည်။

## ဤလေ့လာမှုကိုအသုံးပြုနည်း

'နှိုးဆော်မှုနှင့် တုံ့ပြန်မှု'— ကျမ်းစာလေ့လာမှုပုံစံ

Lambeth နှိုးဆော်မှုတစ်ခုစီကို အင်္ဂလီကန်သဟာယ - ဖိတ်ခေါ်သောတုံ့ပြန်မှု အတွက်ဆက်ကပ်ထားပါသည်။ သမ္မာကျမ်းစာလေ့လာမှုသည် 'နှိုးဆော်မှုနှင့် တုံ့ပြန်မှု' ပုံစံတစ်ခုအပေါ် အခြေခံထားသည်။ သိပ္ပံနှင့်ယုံကြည်မှုဆိုင်ရာ ဤသမ္မာကျမ်းစာလေ့လာမှုက သင့်ကို အဆင့်သုံးဆင့် လုပ်ဆောင်ရန် ဖိတ်ခေါ်လိမ့်မည်-

### ၁။ နှိုးဆော်သံကို ကြားပါ

ဤ Lambeth နှိုးဆော်မှုကို ဖတ်ပါ၊ အထူးသဖြင့် သိပ္ပံပညာရပ်အတွင်း ယုံကြည်ခြင်းအသက်တာအတွက် ဘုရားပေးထားသည့် အရင်းအမြစ်များရှိသည်ကို အသိအမှတ်ပြုပြီး သိပ္ပံပညာရှင်များနှင့်တွေ့ဆုံဆွေးနွေးမှုလုပ်ဆောင်ရန် ယုံကြည်သူများကို ဖိတ်ခေါ်မှုနှင့် အင်္ဂလီကန်ယုံကြည်မှု ဉာဏ်ပညာကို သိပ္ပံလုပ်ငန်းအတွက် ဆက်ကပ်ရန် နှိုးဆော်မှုကို နားထောင်ပါ။

## ၂။ သမ္မာကျမ်းစာကို နာခံလိုက်လျှောက်ပါ

ဤဖော်ညွှန်းချက်ကို အခြေပြုရန်နှင့် ရသတိုးမြှင့်ရန် သမ္မာကျမ်းစာကိုဖတ်ရှုပါ၊ အထူးသဖြင့် ဤကမ္ဘာမြေကြီးရှိ ဉာဏ်ပညာ နှင့် ဘုရား၏လူများကြားရှိ ဉာဏ်ပညာကို ကျွန်ုပ်တို့ ဂရုပြုမိလာစေရန် ညွှန်ပြတည့်မတ်ပေးသည့် ဟေဗြဲသမ္မာကျမ်းစာပါ ဉာဏ်ပညာနှင့် သက်ဆိုင်သော ကျမ်းချက်များကို ဖတ်ရှုပါ။ ဉာဏ်ပညာ၏အရည်အသွေးများကို ဖော်ပြထားသည့် သုတ္တံကျမ်း အခန်းကြီး ၈ အခန်းငယ် ၁ မှ ၁၂ ကို ဖတ်ပါ။ ဤကျမ်းပိုဒ်ကို သင်ဖတ်ရှု၊ နားထောင်ချိန်တွင် သင့်အတွေ့အကြုံအရ ထိုဉာဏ်ပညာကို သင့်နေ့စဉ်အသက်တာ၌ မည်သည့်နေရာတွင် တွေ့နိုင်ပါသနည်း ဆိုသည့်မေးခွန်းကို သင့်ကိုယ်သင်ပြန်မေးပါ။

## ၃။ တုံ့ပြန်မှု ပြုလုပ်ပါ

ဉာဏ်ပညာအကြောင်း အထွေထွေစဉ်းစားခြင်းမှသည် လူသားများ၏ရှင်သန်ဖွံ့ဖြိုးမှုအတွက် သင့်နေရာဒေသတွင် သိပ္ပံဉာဏ်ပညာ၊ ယုံကြည်ခြင်းဉာဏ်ပညာ၊ နှင့် မိရိုးဖလာဉာဏ်ပညာတို့အား အတူတကွ မည်ကဲ့သို့ပေါင်းစပ်နိုင်မည်ကို ကြံဆတွေးမြင်သည်အထိ သင့်ကို ခရီးအဆင့်ဆင့် ရောက်ရှိသွားစေမည့် သတ်မှတ်ပေးထားသော မေးခွန်းများကို တိုင်ပင်ဆွေးနွေးပါ။

ANGLICAN COMMUNION
IN OVER 165 COUNTRIES

## စတင်လိုက်ပါ

## ၁။ နှိုးဆော်သံကို ကြားပါ (မိနစ် ၂၀)

သိပ္ပံနှင့်ယုံကြည်မှုဆိုင်ရာ Lambeth နှိုးဆော်မှု ကို ဤနေရာတွင် ဖတ်ရှုပါ။ ဤ Lambeth နှိုးဆော်မှုကို ဤနေရာတွင် ဖတ်ရှုနိုင်ပါသည်။

ဤအဓိကဆောင်ပုဒ်နှင့်ဆိုင်သော ဆက်စပ်စဉ်းစားရမည့်အကြောင်းအရာအတွက် Webinar ရိုက်ကူးခြင်းမှ ရုပ်သံအတိုအပိုင်းများကို ကြည့်ရှုပါ။

အဓိကတောင်းဆိုမှုဖြစ်သော **'အမှုတော်မြတ်အတွင်းပါဝင်ချိန်၌ အင်္ဂလီကန်ယုံကြည်သူများကို သိပ္ပံပညာရပ်နှင့် ဓမ္မဆိုင်ရာ ဆွေးနွေးမှုများ ဆောင်ရွက်ရန်၊ ဤသဟာယ၏ မတူညီသောဒေသ အသီးသီးတွင် ယင်းကိုမည်သို့နားလည်ထားကြသည်ကို အတည်ပြုရန်၊ ယုံကြည်မှုအသက်တာအတွက် ဘုရားပေးထားသော အရင်းမြစ်များအတွင်း အသိအမှတ်ပြုရန် နှင့် အင်္ဂလီကန်ယုံကြည်ခြင်းနည်းလမ်း (သမ္မာကျမ်းစာ၊ ကြောင်းကျိုးဆီလျော်မှု၊ ဓလေ့ထုံးတမ်း မှ) ၏ ဉာဏ်ပညာကို ဆက်ကပ်ရန် နှိုးဆော်ပါသည်' (4.1)** ကို သတိပြုပါ။

## ၂။ သမ္မာကျမ်းစာကို နာခံလိုက်လျှောက်ပါ (၁၅ မိနစ်)

ဤဖော်ညွှန်းချက်ကို အခြေပြုရန်နှင့် ရသတိုးမြှင့်ရန် သမ္မာကျမ်းစာကိုဖတ်ရှုပါ၊ အထူးသဖြင့် ဤကမ္ဘာမြေကြီး ရှိ ဉာဏ်ပညာ နှင့် ဘုရား၏လူများကြားရှိ ဉာဏ်ပညာကို ကျွန်ုပ်တို့ ဂရုပြုမိလာစေရန် ညွှန်ပြတည့်မတ်ပေးသည့် ဟောဗြဲသမ္မာကျမ်းစာပါ ဉာဏ်ပညာနှင့် သက်ဆိုင်သော ကျမ်းချက်များကို ဖတ်ရှုပါ။

ဉာဏ်ပညာအရည်အသွေးများနှင့် နေရာဒေသအားလုံးတွင် ဉာဏ်ပညာကို မည်ကဲသို့တွေ့နိုင်သည်ကို ဖော်ပြထားသည့် **သုတ္တံကျမ်း အခန်းကြီး ၈ အခန်းငယ် ၁ မှ ၁၂** အထိကို ဖတ်ပါ။ ဤကျမ်းပိုဒ်ကို သင်ဖတ်ရှု၊ နားထောင်ချိန်တွင် သင့်အတွေ့အကြုံအရ သင့်လူမှုအသိုက်အဝန်းအတွင်းရှိ မိရိုးဖလာဉာဏ်ပညာတွင်သာမက၊ သင့်နေ့စဉ်အသက်တာ၌ ထိုဉာဏ်ပညာကို မည်သည့်နေရာတွင်နိုင်ပါသနည်း ဆိုသည့်မေးခွန်းကို သင့်ကိုယ်သင်ပြန်မေးပါ။

## ၃။ တုံ့ပြန်မှု ပြုလုပ်ပါ (၂၅ မိနစ်)

ဉာဏ်ပညာအကြောင်း အထွေထွေစဉ်းစားခြင်း မှသည် သိပ္ပံဉာဏ်ပညာနှင့် ခရစ်ယာန်အသက်တာဉာဏ်ပညာ နှင့် သင့်နေရာဒေသအတွင်းရှိ မိရိုးဖလာဉာဏ်ပညာ ကြား၌ရှိသော ချိတ်ဆက်မှုများကို မည်သို့တွေ့နိုင်သည့်အကြောင်း စဉ်းစားခြင်း အထိ သင်နှင့်သင့်အဖွဲ့ကို ခရီးအဆင့်ဆင့် ရောက်ရှိသွားစေမည့် အောက်ပါမေးခွန်းများကို ဆွေးနွေးပါ။

၁။ ကြီးထွားလာသော ဉာဏ်ရည်အတုနယ်ပယ်၌ဖြစ်စေ၊ ဆေးပညာသိပ္ပံ၌ဖြစ်စေ၊ ကမ္ဘာ့ရာသီဥတုအရေးပေါ်အခြေအနေအတွက် သိပ္ပံနည်းကျတုံ့ပြန်မှုများ၌ဖြစ်စေ ဤဉာဏ်ပညာမျိုးကို သိပ္ပံပညာရပ်၏ မည်သည့်နေရာတွင် သင်ရှာဖွေပါသနည်း။

၂။ ဤအရာက ယေဘုယျအားဖြင့် သိပ္ပံအပေါ်သင့်အမြင်ကို မည်ကဲ့သို့စတင်ပြောင်းလဲစေသနည်း။

၃။ သိပ္ပံပညာရှင်များသည် မိရိုးဖလာဉာဏ်ပညာအပါအဝင် အခြားသောဉာဏ်ပညာရင်းမြစ်များမှ မည်ကဲ့သို့ သင်ယူနိုင်မည်ဟု သင်ထင်ပါသနည်း။

၄။ သိပ္ပံပညာသည် တပည့်တော်များ၏ သုခချမ်းသာနှင့် အသင်းတော်၏မစ်ရှင်အတွက်
မည်သို့အထောက်အကူပြုနိုင်သည်ဟု သင်ထင်သနည်း။

၅။ ကျွန်ုပ်တို့ရင်ဆိုင်နေရသည့် ကြီးမားသောစိန်ခေါ်မှုကို တုံ့ပြန်ရန်အတွက်
ဤအသိုက်အဝန်းများနှင့်၎င်းတို့၏ဉာဏ်ပညာစနစ်များကို စုစည်းရန် သင့်အနေဖြင့် ဘာလုပ်နိုင်သနည်း။
ဤမေးခွန်းအတွက် လက်တွေ့ကျသောအဖြေများ ကြိုးစားအကြံပြုပေးပါ။ ဤသို့ဖြစ်လာအောင်
သင်ဘာလုပ်နိုင်သနည်း။

## နိဂုံးချုပ်ဆုတောင်း

သင့်ပတ်ဝန်းကျင်တွင် ဉာဏ်ပညာကိုရှာဖွေရန်၊ အထူးသဖြင့် သိပ္ပံပညာရပ်အတွင်း၊
ခရစ်ယာန်ယုံကြည်ခြင်း၏ ဉာဏ်ပညာကို ပေါင်းထည့်ရန် နှင့် ထိုဉာဏ်ပညာကို လက်တွေ့အသုံးချဖို့
တွန်းအားပေးရန် သန့်ရှင်းသောဝိညာဉ်တော်က သင့်ကို လှုံ့ဆော်ပေးဖို့အတွက် ဆုတောင်းပါ။

*ဤဉာဏ်ပညာဆုကျေးဇူးအတွက် ဆုတောင်းပတ္ထနာအတို*

အို ကောင်းမြတ်သောအရာအားလုံးကို ဖြစ်စေတော်မူသောအဖ-
ကျွန်ုပ်တို့ကို ကိုယ်တော်၏ နှိမ့်ချသောအစေခံများဖြစ်စေပါ၊
သို့မှသာ သန့်ရှင်းသောဝိညာဉ်တော်၏ လှုံ့ဆော်မှုအားဖြင့်
ကောင်းမြတ်သောအရာများကို ကျွန်ုပ်တို့စဉ်းစားဆင်ခြင်နိုင်ပါမည်၊
ကိုယ်တော်၏ ကရုဏာလမ်းပြမှုအားဖြင့်လည်း ထိုသို့ပြုနိုင်ပါမည်၊
ကျွန်ုပ်တို့၏ သခင်ယေရှုခရစ်တော်အားဖြင့်။
အာမင်။

*(ဘုံဆုတောင်းချက်စာအုပ်မှ အီစတာပြီးနောက် ပဥ္စမတနင်္ဂနွေနေ့အတွက် ဆုတောင်းပတ္ထနာအတို)*

## အရင်းအမြစ်များကို ပံ့ပိုးပေးခြင်း

**Lambeth Conference ဝက်ဘ်ဆိုဒ်သို့ ဝင်ရောက်ကြည့်ရှုပါ သို့မဟုတ် နောက်ထပ် အကြံဉာဏ်များနှင့် အကြံပြုချက်များအတွက် ဤကျမ်းစာလေ့လာမှု၌ ပါဝင်သည့် အရင်းအမြစ်များနှင့် အကြံဉာဏ်များဆိုင်ရာ အချက်အလက်စာရွက်ကို ကြည့်ရှုပါ။**

## သင့်အကြောင်းကို မျှဝေပါ – ဘုန်းတော်ကြီး Jo ထံမှ သတင်းစကား

ခရီးစဉ်၏အဆင့်တစ်ခုစီတွင်၊ သင့်အခြေအနေ၌ Lambeth နှိုးဆော်မှုသည်
သင့်အတွက် မည်သို့မည်ပုံဖြစ်သည်ကို မျှဝေရန် သင့်ကိုဖိတ်ခေါ်ပါသည်။ ဆုတောင်းခြင်း၊ ဓာတ်ပုံတစ်ပုံ၊ သက်သေခံချက်အတို
သို့မဟုတ်
ဗာတ်လမ်း၊ သင့်ပရောဂျက်တစ်ခုအကြောင်း အချက်အလက်များမျှဝေရန် သင်ရွေးချယ်နိုင်သည်။



**ကျေးဇူးပြု၍ ကျွန်ုပ်တို့၏ဝက်ဘ်ဆိုဒ်မှတစ်ဆင့် ၎င်းတို့ကို မျှဝေပါ-**

https://www.lambethconference.org/phase-3/share-your-story/

သို့မဟုတ် ဆိုရှယ်မီဒီယာတွင် ကျွန်ုပ်တို့ကို ဆက်သွယ်ပါ။

Facebook: /LambethConference

Instagram: /LambethConference

X: @LambethConf

သို့မဟုတ် အောက်ပါအီးမေးလ်လိပ်စာအားဖြင့် Bishop Jo Bailey Wells ကို အီးမေးလ် ပို့ပါ-

ShareYourStory@lambethconference.org